ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၁၀/၂၀၂၁)

၂၀၂၁ ခုနှစ်၊ မေလ (၁၅) ရက်

စီးပွားရေးလုပ်ငန်းရှင်များ၊ စက်ရုံအလုပ်ရုံလုပ်ငန်းရှင်များသို့ မေတ္တာရပ်ခံပန်ကြားချက်

၁။ မိမိတို့ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကြားကာလတွင် ကျောင်းသား၊ ကျောင်းသူများ စဉ်ဆက်မပြတ် ပညာသင်ယူနိုင်ရေးအတွက် အစီအစဉ်များစွာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကျစဉ် ကာလကတည်းက အခြေခံနှင့် အဆင့်မြင့်ပညာရေးလုပ်ငန်းစဉ်များကို ရပ်နားထားရသောကြောင့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ကာလနစ်နာဆုံးရှုံးမှုများလည်းရှိခဲ့ပါသည်။

၂။ ယခုအခါတွင်လည်း အကြမ်းဖက်စစ်ကောင်စီ၏ မတရားအာဏာသိမ်းမှုကို တော်လှန်ကာ ကျောင်းဆက်မတက်ဘဲ CDM လှုပ်ရှားမှုလုပ်ဆောင်ရန် ကျောင်းသား၊ ကျောင်းသူ ၉၀% ခန့်က ဆုံးဖြတ်ခဲ့ကြသဖြင့် စစ်ကောင်စီအစိုးရ၏ သင်တန်းများကိုလည်း ဆက်လက် တက်ရောက်ကြမည် မဟုတ်ပါ။ သို့ဖြစ်ပါ၍ အမျိုးသားညီညွတ်ရေးအစိုးရ၏ ကြားကာလပညာသင်ကြားမှု အစီအစဉ်များ ဆောင်ရွက်နေဆဲ ကာလအတွင်း နောက်ဆုံးနှစ်ကျောင်းသား၊ ကျောင်းသူများမှာ ပညာသင်အခွင့်အလမ်း ဆုံးရှုံးမှုများ ဆက်လက်ကြုံတွေ့ရနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကျောင်းသား၊ကျောင်းသူများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းခွင်သို့ ဝင်ရောက်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် ၎င်းတို့၏အစဉ်ဆက်မပြတ်ပညာသင်ကြားနိုင်ရေးအတွက်လည်း အကူအညီများလိုအပ်နေပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရှိ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စက်ရုံအလုပ်ရုံများနှင့် အနေဖြင့်

ဘွဲ့ရသူများသာမက ဘွဲ့ရရှိရန်အတွက် နောက်ဆုံးနှစ် တက်ရောက်နေဆဲသူများကိုလည်း ဘွဲ့ရထားသူပြီးသူများနှင့်နည်းတူ ပြည်သူ့အကျိုးနှင့် လူငယ်များ၏ အနာဂတ်အကျိုးအတွက် ထည့်သွင်းစဉ်းစားပေးသည့်အနေဖြင့် အလုပ်ခန့်အပ်ပေးစေလိုပါကြောင်း အလေးအနက် မေတ္တာရပ်ခံ တိုက်တွန်းပန်ကြားအပ်ပါသည်။

ဒေါက်တာဇော်ဝေစိုး
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ